# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 22 , 2022 | Volume 52, Number 14

၂၂.၃.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၂၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၃၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၅၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၀၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၁.၆၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၀၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com

### နွေစပါးပေါ်ချိန်ဖြစ်သောကြောင့် ရန်ကုန်ဆန်ချောဈေးကွက်သို့ ဆန်ဝင်ရောက်မှုများပြားလာ

နွေစပါးပေါ်ချိန်ဖြစ်သောကြောင့် ရန်ကုန်ဆန်ချောဈေးကွက် (ဝါးတန်းဆန်ကုန်စည်ဒိုင်)သို့ ဆန်ဝင်ရောက်မှုများပြားလာကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (ဝါးတန်းဆန်ကုန်စည်ဒိုင်) တွဲဖက်အတွင်းရေးမှူး ဦးဇော်ခိုင်၏ပြောကြားချက်အရ သိရသည်။

လက်ရှိမှာနွေစပါးမပေါ်မီကထက် ဆန်ကြမ်းရော ဆန်ချောပါ အိတ်ရေသုံးသောင်းကနေ လေးသောင်းအထိ ဝင်ပါတယ်။ နွေဆန်အသစ်ဝင်တာကတော့ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်၊ ဘိုကလေးနဲ့မော်လမြိုင်ကျွန်းမြို့နယ်တွေကနေ တောက်လျှောက်ဝင်နေတာပါဟု ဦးဇော်ခိုင်ကပြောသည်။ ထိုသို့ ဆန်ဝင်ရောက်မှုများပြားလာသည့်အပြင် လက်ရှိတွင် ဈေးကွက်အတွင်း ဆန်ဈေးနှုန်းများ အတက်ဈေးဖြင့်ငြိမ်နေကြောင်းသိရသည်။

မတ် ၂၁ ရက်တွင် ဝါးတန်းဆန်ကုန်စည်ဒိုင်သို့ ဆန်နှင့်ဆန်ကွဲအိတ်ရေ ရှစ်သောင်းခန့် ဝင်ရောက်မှုရှိပြီး ပေါ်ဆန်းအုပ်စုဝင် ဆန်တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ မှ ၅၂၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းရှိသည်။ ထို့ပြင် ရက် ၉၀ ဆန်ကြမ်းတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀ မှ ၃၄၀၀၀ အထိလည်းကောင်း၊ အိပ်စတာ အမျိုးအစား ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀ မှ ၂၉၀၀၀ အထိလည်းကောင်း၊ ၁၂ အမျိုးအစား ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၂၅၈၀၀ မှ ၂၆၀၀၀ အထိလည်းကောင်း ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/23454

### CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

### ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၂ ရက်မှ ၁၈ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ ကြံ၊ ရွှေဖရုံသီး၊ ငရုတ်သီး(အစို)၊ သတ္တုနှင့်သတ္တုရိုင်း၊ ပဲတီစိမ်းနှင့်ဆန်များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၆၀၁၃၂၃ ဒသမ ၄၅ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ

တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၁၀၆၆၅၃၃ ဒသမ ၅၈ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၆၆၇၈၅၇ ဒသမ ၀၃ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ ဆေးဝါးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ တွင်းထွက် (သတ္တုမှအပ)ဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ အခြားချည်ခင်များ၊ အင်ဂျင်များ၊ Empty Cargo Container 45’ Feet များတင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၅၃၂၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၁၅၂၄၉ ဒသမ ၂ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၆၈၄၄၉ ဒသမ ၂ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၅၉ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၇၈ ဒသမ ၅၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဗဟိုဌာန**

## ပို့ကုန်လိုင်စင် လျှောက်ထားရမည့် မူဝါဒသစ်ကြောင့် ပြည်ပသို့ ပြောင်းတင်ပို့မှု နှေးကွေးသွားနိုင်

ဧပြီလ ၁ ရက်နေ့မှစတင်ပြီး ကုန်သွယ်ရေးဦးစီးဌာနရဲ့ ပို့ကုန်လိုင်စင်လျှောက်ထားရမယ့် မူဝါဒသစ်ကြောင့် ပြည်ပသို့ ပြောင်းတင်ပို့ရောင်းချမှု နှေးကွေးသွားတယ်လို့ မန္တလေးအခြေစိုက် ကုန်သည်အချို့က ပြောဆိုကြပါတယ်။

မတ်လ ၉ ရက်နေ့ ထုတ်ပြန်ချက်အရ ပြောင်း၊ နှံစားပြောင်း၊ ပြောင်းစေ့၊ ပြောင်းမှုန့်အပါအဝင် ပြောင်းကို တစ်ဆင့်မြှင့် ကြိတ်ခွဲထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေကို ပို့ကုန်လိုင်စင် လျှောက်ထားဖို့ လိုအပ်တဲ့ ကုန်စည်လိုင်းတွေအဖြစ် ထပ်တိုးသတ်မှတ်ထားပါတယ်။ ဒါ့ကြောင့် ဧပြီလ ၁ ရက်နေ့က စတင်ပြီး ပြည်ပနိုင်ငံတွေထံ ပင်လယ်ရေကြောင်း၊ လေကြောင်းနဲ့ နယ်စပ်လမ်းကြောင်းတို့ကနေ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ပို့ကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်ပို့ခွင့်ပြုတော့မယ်လို့ ကုန်သွယ်ရေးဦးစီးဌာနက ပြောပါတယ်။

မူဝါဒအပြောင်းအလဲက ဈေးကွက်အပေါ် သက်ရောက်မှုရှိခဲ့ပြီး မတ်လ ၁၀ ရက်က စံချိန်တင်ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းအောက် တစ်ပိဿာ ကျပ် ၁၀၀ မှ ၁၅၀ အထိ ဈေးထိုးကျသွားခဲ့ပြီး လက်ရှိမှာ ပြောင်းတစ်ပိဿာက ကျပ် ၁၀၂၀ ခန့်သာ ပေါက်ဈေး ရလျက်ရှိပါတယ်။ “အကောက်ခွန်ကြောင့် ပြောင်းဈေးက ကျသွားနိုင်တယ်။ ပို့ကုန်ကိုထိန်းချုပ်ဖို့ မူဝါဒတွေ ပိုမိုချမှတ် လာရင်လည်း ဈေးကျသွားမှာ သေချာတယ်”လို့ ဈေးကွက်စောင့်ကြည့်သူတစ်ဦးက သူ့အမြင်ကို ပြောထားပါတယ်။

မြန်မာနိုင်ငံကထွက်ရှိတဲ့ ပြောင်းကုန်ကြမ်းကို ထိုင်းနိုင်ငံထံ အများဆုံးတင်ပို့ရောင်းချနေရပြီး တရုတ်၊ အိန္ဒိယနဲ့ဗီယက်နမ် နိုင်ငံတို့ရဲ့ ဝယ်ယူမှုအချို့လည်းရှိပါတယ်။ လက်ရှိမှာ ပြောင်း(FOB)တစ်တန်က ကန်ဒေါ်လာ ၃၂၀ မှ ၃၄၀ ကြား ဖြစ်ပေါ် နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ ဈေးကွက်အချက်အလက်တွေမှာ ဖော်ပြထားပြီး ယခုဘဏ္ဍာနှစ်မှာ ပြည်ပကို ပြောင်းတန်ချိန် ၁.၅ သန်း တင်ပို့ဖို့ ရည်မှန်းထားပါတယ်။

**Source: BETV Business**

## ကမ္ဘာ့ရွှေဈေး ၁၉၂၄ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၀၁၉၀၀၀ ဝန်းကျင်သို့ရောက်ရှိ


https://news-eleven.com/article/227843

မတ် ၂၁ ရက်တွင် ကမ္ဘာ့ရွှေဈေး ဒေါ်လာ ၁၉၂၄ ဒေါ်လာဝန်းကျင် ရှိပြီး ပြည်တွင်း ရွှေဈေးနှုန်းမှာ ကျပ် ၂၀၁၉၀၀၀ ဝန်းကျင်သို့ ရောက်ရှိလာကြောင်း ရွှေရောင်းဝယ်သူများ ထံမှ သိရသည်။

မတ်လ ၂၁ ရက်တွင် ပြည်တွင်း ရွှေဈေးနှုန်းများမှာ ၁၆ ပဲရည်အခေါက်ရွှေဈေးနှုန်းမှာ ၂၀၁၉၀၀၀ ဝန်းကျင်ရှိနေပြီး ၁၅ ပဲရည်ရွှေဈေးနှုန်းမှာ ၁၉၀၀၅၀၀ ဝန်းကျင်ရှိနေခြင်း ဖြစ်သည်။

မတ်လ ၂၀ရက်တွင် ကမ္ဘာ့ရွှေဈေးဒေါ်လာ ၁၉၂၁ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းရွှေဈေးနှုန်းမှာ ၂၀၂၀၀၀၀ ဝန်းကျင် ရှိနေကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။ ရွှေဆိုင်အချို့သည် ငွေသား Cash down စနစ်ဖြင့် ပြန်ဝယ်ဦးစားပေးစနစ်ဖြင့် ဝယ်ယူနေကြောင်း အသိပေးချက်ထုတ်ပြန်ထားကြောင်းသိရသည်။

၂၀၁၆ ခုနှစ်မှစ၍၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံးကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉-၁၉၇၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၈၅၉-၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈-၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈- ၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄- ၁၉၆၆ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၇၇၆-၁၉၀၆ ဝန်းကျင်ရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏နိုင်ငံခြားသုံးငွေလုပ်ငန်း (Foreign Exchange Operation) ရည်ရွယ်ချက်များ ဖြစ်သော ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံတော်၏ နိုင်ငံခြား သုံးသီးသန့်အရန်ငွေဖြည့်တင်းရန် အချက်နှစ်ချက်အား အကောင်အထည်ဖော်ရန်အတွက် စည်းမျဉ်းအခြေခံသည့် နိုင်ငံခြားငွေ ဈေးပြိုင်လေလံအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၂၀၆၀ ကျပ်၊ စင်ကာပူဒေါ်လာ ၁၃၆၀ကျပ်၊ မလေးရှားရင်းဂစ် ၄၃၀ ကျပ်၊ ထိုင်းဘတ် ၅၆.၈ ကျပ်၊ တရုတ်ယွမ် ၃၀၃ ကျပ်၊ ဂျပန်ယန်း ၁၅.၉ ကျပ်တို့ဖြစ်သည်။

**Source:** https://news-eleven.com/article/227843

## စီးပွားရေးသံမှူးသတင်းများ

### လောင်စာဆီဝယ်ယူမှုအား ယွမ်ငွေဖြင့် စာချုပ်ချုပ်ဆိုနိုင်ရေး တရုတ်နိုင်ငံနှင့်ဆော်ဒီနိုင်ငံ ဆွေးနွေးညှိနှိုင်းမှု အရှိန်အဟုန်မြင့်တက်

ဆော်ဒီအာရေဗီးယားနိုင်ငံမှ လောင်စာဆီဝယ်ယူမှုအား ယွမ်ငွေဖြင့် ပေးချေမှုအတွက် ဆော်ဒီနှင့်တရုတ်နှစ်နိုင်ငံ ဆွေးနွေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဒေါ်လာအစား ယွမ်ငွေဖြင့် ပြောင်းလဲဆောင်ရွက်လာမည့်အရွေ့သည် ကမ္ဘာ့ရေနံဈေးကွက်အား အမေရိကန်ဒေါ်လာလွှမ်းမိုးမှု အခြေအနေပြောင်းလဲသွားနိုင်သည်ဟု အဆိုပါကိစ္စအား ရင်းနှီးသူများက ပြောကြားခဲ့ကြောင်း၊ ဆယ်စုနှစ်များကြာ ပင်လယ်ကွေ့နိုင်ငံများ၏ လုံခြုံရေးကို အကာအကွယ်ပေးရန် အမေရိကန်နိုင်ငံ၏ ကတိကဝတ်များ ပျက်ယွင်းမှုအပေါ် မနှစ်မြို့မှုများ ကြီးထွားလာသည့်အတွက် လောင်စာဆီဝယ်ယူရာတွင် ယွမ်ငွေဖြင့်ဝယ်ယူရေးအား ၆ နှစ်ကြာ ဆွေးနွေးလာခဲ့ကြပြီးနောက် ယခုနှစ်တွင် ယွမ်ငွေဖြင့် ဝယ်ယူရေးသည် အရှိန်အဟုန်မြင့် ဆွေးနွေးလာကြခြင်းဖြစ်ပြီး ဆော်ဒီနိုင်ငံအနေနှင့် စဉ်းစားလျက်ရှိကြောင်း ၁၅-၃-၂၀၂၂ ရက်နေ့ ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

ယီမင်နိုင်ငံ၏ ပြည်တွင်းစစ်တွင် အမေရိကန်နိုင်ငံမှ ကူညီထောက်ပံ့မှုပျက်ကွက်ခြင်းနှင့် အီရန်နိုင်ငံနှင့်ချုပ်ကလီယား အစီအစဉ်နှင့် စပ်လျဉ်းသည့်သဘောတူညီချက်အပေါ် အမေရိကန်နိုင်ငံမှချိုးဖောက်ရန် ကြိုးပမ်းမှုအပေါ် ဆော်ဒီနိုင်ငံအနေနှင့်

မနှစ်မြို့ကြောင်း၊ ယမန်နှစ်က အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်များ ပြန်လည်ရုတ်သိမ်းသွားသည့်ဖြစ်ရပ်လည်း ဆော်ဒီနိုင်ငံအား တုန်လှုပ်ခြောက်ခြားစေသည်ဟု အရာရှိများကပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ဆော်ဒီနိုင်ငံ၏ လောင်စာဆီ ပို့ကုန်စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းကျော် ဝယ်ယူတင်သွင်းလျက်ရှိကြောင်း၊ အဆိုပါ လောင်စာဆီအတွက် ယွမ်ငွေကြေးဖြင့် ပေးချေနိုင်ပါက တရုတ်ယွမ်ငွေသည် တန်ဖိုးပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း၊ ဆော်ဒီနိုင်ငံအနေနှင့် တစ်ရက်လျှင် အကြမ်းအားဖြင့် ရေနံစိမ်းစည်ပေါင်း ၆.၂ သန်း တင်ပို့မှုများအနက် အချို့သောပမာဏအား အမေရိကန်ဒေါ်လာအပြင် အခြားသောအရာများဖြင့် ပြောင်းလဲဆောင်ရွက်လာပါက ကြီးမားသည့်ပြောင်းလဲမှုကြီးဖြစ်လာနိုင်ကြောင်း၊ ကမ္ဘာ့လောင်စာဆီ ပို့ကုန်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကို အမေရိကန်ဒေါ်လာဖြင့် ပေးချေလျက်ရှိကြောင်း၊ ဆော်ဒီနိုင်ငံအနေနှင့် ၁၉၇၄ ခုနှစ်ကတည်းက လောင်စာဆီကို အမေရိကန်ဒေါ်လာတစ်မျိုးတည်းဖြင့်သာ ရောင်းဝယ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ၎င်းတို့ငွေကြေးအား ကမ္ဘာ့ကုန်သွယ်သည့် ငွေကြေးအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ၂၀၁၈ ခုနှစ်တွင် ဆော်ဒီနိုင်ငံနှင့် လောင်စာဆီစာချုပ်များကို ယွမ်ငွေကြေးဖြင့်ဆောင်ရွက်ရန် မိတ်ဆက်ညှိနှိုင်းလာခဲ့ကြောင်း၊ အမေရိကန်နိုင်ငံက အီရန်နိုင်ငံအား နျူကလီးယားအစီအစဉ်ဖြင့် အရေးယူပိတ်ဆို့ခြင်းနှင့် ယူကရိန်းအပေါ် တိုက်ခိုက်ခြင်းအတွက် ရုရှားအား အရေးယူပိတ်ဆို့ခြင်းတို့အပေါ် ဥပမာထား၍ အမေရိကန်ဒေါ်လာအသုံးပြုခြင်းသည် အန္တရာယ်များသည့်ဆောင်ရွက်မှုအဖြစ် တရုတ်နိုင်ငံက မီးမောင်းထိုးဖော်ပြလျက်ရှိကြောင်း ဖော်ပြထားပါသည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းလောင်စာဆီထုတ်လုပ်သည့်နိုင်ငံများတွင် ရပ်တည်လျက်ရှိကြောင်း၊ ၁၉၉၀ ခုနှစ်၊ အစောပိုင်းနှစ်များတွင် အမေရိကန်နိုင်ငံသည် ဆော်ဒီနိုင်ငံမှ တစ်ရက်လျှင် ရေနံစိမ်း စည်ပေါင်း ၂ သန်း တင်သွင်းခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ တစ်ရက်လျှင် စည်ပေါင်း ၅ သိန်းအောက်သာ တင်သွင်းသည်ဟု အမေရိကန်စွမ်းအင်အချက်အလက်များ စီမံခန့်ခွဲမှုဌာနမှ ထုတ်ပြန်ထားကြောင်း ဖော်ပြထားပါသည်။

ဆော်ဒီနိုင်ငံအနေနှင့် နေ့စဉ်ရေနံစိမ်းစည်ပေါင်း သန်းပေါင်းများစွာကို အမေရိကန်ဒေါ်လာအစား ယွမ်ငွေဖြင့်ပြောင်းလဲအသုံးပြုပါက ဆော်ဒီနိုင်ငံ၏ စီးပွားရေးကို ရုတ်ချည်းပြောင်းလဲသွားနိုင်ကြောင်း၊ ဆော်ဒီမင်းသား၏ လက်ထောက်က ခိုင်မာစွာကြိုတင်ပြင်ဆင်ဆောင်ရွက်မှုမရှိသေးပဲ အစီအစဉ်ကို အလျင်အမြန်ပြောင်းလဲဆောင်ရွက်ပါက ဆော်ဒီနိုင်ငံသည် မမျှော်မှန်းနိုင်သည့် စီးပွားရေးဆုံးရှုံးမှုဒဏ်ကို ခံစားရနိုင်သည်ဟု သတိပေးပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

**Source:** https://www.wsj.com/articles/saudi-arabia-considers-accepting-yuan-instead-of-dollars-for-chinese-oil-sales-11647351541

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## အိန္ဒိယနိုင်ငံ၌ ကုလားပဲများအား အခြေခံရည်ညွှန်းဈေးနှုန်းအောက်၌သာ အရောင်းအဝယ်ဖြစ်လျက်ရှိ

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ၂၀၂၁-၂၂ ခုနှစ် ဆောင်းသီးနှံရာသီတွင် စိုက်ပျိုးထားရှိသော ကုလားပဲများအား ရိတ်သိမ်းလျက်ရှိပြီး မဒ္ဒရာပရာဒေ့ရှ်၊ မဟာရာ့ရှ၊ ဂူဂျရတ်တို့အပါအဝင် အဓိကစိုက်ပျိုးထုတ်လုပ်ရာ ပြည်နယ်များရှိ ကုန်စည်ဒိုင်များသို့ ဈေးကွက်ဝင်ရောက်မှု များပြားလျက်ရှိရာ အစိုးရက အနိမ့်ဆုံးထား ဝယ်ယူပေးမည့် အခြေခံရည်ညွှန်းဈေးနှုန်း (MSP) အောက် ၁၅% ခန့်အထိ ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယပဲမျိုးစုံနှင့်ကောက်ပဲသီးနှံအသင်း (IPGA) မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Bimal Kothari က ယခုနှစ်တွင် ကုလားပဲအထွက်နှုန်းကောင်းမွန်မှုရှိပြီး မဟာရာ့ရှနှင့်ဂူဂျရတ်ပြည်နယ်တို့၌ ကုန်စည်ဒိုင်များသို့ ဈေးကွက်ဝင်ရောက်မှုသည် ပုံမှန်ထက် ၂၅% ခန့် ပိုမိုလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ကုလားပဲအတွက် သတ်မှတ်ထားသည့် MSP ဈေးနှုန်း ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီးငွေ ၅၂၃၀/- အောက် ၁၅% ခန့်လျော့နည်း၍ ရူပီး ၄၃၀၀ မှ ၄၄၀၀ အတွင်း၌သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မဟာရာ့ရှပြည်နယ်၊ Akola ခရိုင်တွင် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ကုလားပဲအသစ်များ ဈေးကွက်ဝင်ရောက်မှုမြင့်တက်လျက် ကုန်သည်များအနေဖြင့် သီးနှံပမာဏ အမြောက်အမြားကို ကိုင်တွယ်နိုင်စွမ်းမရှိသဖြင့် ၂ ရက်ကြာ ဈေးကွက်ပိတ်ထားခဲ့ရကြောင်း၊ ကုလားပဲဈေးနှုန်းများမှာ လက်ရှိနှုန်းထားအောက် ဆက်လက်ကျဆင်းဖွယ်မရှိသော်လည်း တောင်သူများအကျိုးဖြစ်ထွန်းမည့် ဈေးနှုန်းအထောက်အပံ့ဖြစ်စေရန်အတွက် အစိုးရအနေဖြင့် သီးနှံလက်ဝယ်ထားရှိ သိုလှောင်နိုင်ခွင့် ကန့်သတ်ချက်အားပယ်ဖျက်ပြီး အနာဂတ်ကာလအတွက် ကုလားပဲသီးနှံကြိုတင်ရောင်းဝယ်မှုကို ခွင့်ပြုပေးသင့်ကြောင်း ပြောဆိုပါသည်။

ကုန်စည်သိုလှောင်စျေးကစားမှုများ မဖြစ်ပေါ်စေရေးနှင့် စျေးကွက်တည်ငြိမ်မှုရှိစေရေးတို့အတွက် အိန္ဒိယအစိုးရသည် ပဲမျိုးစုံ လက်ဝယ်သိုလှောင်ထားရှိနိုင်မှုကို ကန့်သတ်လျက် ကြိုတင်ရောင်းဝယ်ခြင်းများကိုလည်း တားမြစ်ထားရာ ယခုကဲ့သို့ သီးနှံအမြောက်အများ ထွက်ပေါ်ချိန်၌ ကုန်သည်များ၏ ဝယ်ယူရင်းနှီးမြှုပ်နှံလိုမှုမှာ လျော့ပါးလျက်ရှိသည်။ လက်ရှိကာလ၌ ကုန်သည်များအနေဖြင့် ကုလားပဲတန်ချိန် ၂၀၀ ကိုသာ အများဆုံးသိုလှောင်ထားခွင့်ရှိပြီး ကြိတ်ခွဲထုတ်လုပ်သည့် ပဲခွဲစက်လုပ်ငန်းများမှာမူ စက်စွမ်းအားပြည့် လည်ပတ်နိုင်မှု၏ ၆ လစာအထိသာ သိုလှောင်နိုင်ခွင့်ရှိသည်။

၂၀၂၁-၂၂ စိုက်ပျိုးရေးနှစ်အတွက် အဓိကသီးနှံများ စိုက်ပျိုးထွက်ရှိနိုင်မည့်အခြေအနေ ဒုတိယအကြိမ် ခန့်မှန်းချက်တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသည့်ကုလားပဲကို မူလလျာထားချက် တန်ချိန် ၁၀.၆၆ သန်းထက်ပိုမိုလျက် တန်ချိန် ၁၃.၁၂ သန်းအထိ ထွက်ရှိနိုင်မည်ဟု အိန္ဒိယအစိုးရက ခန့်မှန်းထားသည်။ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ၁၇-၃-၂၀၂၂ နေ့ သတင်းထုတ်ပြန်ချက်အရ ကုလားပဲစိုက်ဧရိယာ ဟက်တာ ၁၁၄.၉၅ သိန်း အနက် ၄၆% နှင့် ပဲနီလေး စိုက်ဧရိယာ ဟက်တာ ၁၇.၇၁ သိန်းအနက် ၄၄% တို့ကို သီးနှံရိတ်သိမ်းမှု ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အစိုးရ၏ MSP အခြေခံရည်ညွှန်းစျေးနှုန်းဖြင့် ကုလားပဲဝယ်ယူရေး လုပ်ငန်းအဆင့်ဆင့်ကိုလည်း ပြည်နယ်များ၌ ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရ၏ ဝယ်ယူရေးလုပ်ငန်း အပြည့်အဝ လုပ်ဆောင်နိုင်ချိန်၌ ကုလားပဲစျေးနှုန်းများမှာ တည်ငြိမ်မှုရရှိလာမည်ဟု ကုန်သည်များကပြောဆိုလျက် ရှိကြောင်း The Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။

မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်၊ Indore မြို့အခြေစိုက် အိန္ဒိယ ပဲခွဲစက်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. Suresh Agarwal က ပဲစင်းငုံနှင့် ပဲတီစိမ်းတို့နည်းတူ ကုလားပဲသည်လည်း MSP စျေးနှုန်း၏အောက်၌ အနိမ့်ကျဆုံး အခြေအနေဖြင့် ရောင်းချလျက်ရှိကြောင်း၊ သို့ရာတွင် အစိုးရ၏ MSP စျေးနှုန်းဖြင့် စတင်ဝယ်ယူလာမှုအရ ယခုထက်ပို၍ ကုလားပဲစျေးနှုန်း ကျဆင်းဖွယ်မရှိကြောင်း ပြောဆိုပါသည်။ JLV Agro ကုမ္ပဏီမှ လုပ်ငန်းရှင် Mr. Vivek Agarwal ကလည်း ယခုနှစ် ကုလားပဲ အထွက်နှုန်းမှာ လွန်စွာကောင်းမွန်မှုရှိသကဲ့သို့ ယခင်နှစ်ဟောင်း ကုန်စည်များလက်ကျန်ရှိနေသဖြင့် စျေးကွက်၌ အရောင်းအဝယ် အေးနေမည့် အခြေအနေဖြစ်ကြောင်း၊ အစိုးရ၏ သွင်းကုန်မူဝါဒများနှင့် စျေးကွက်ထိန်းသိမ်းမှုများအရ ပဲစျေးကွက်တစ်ခုလုံးသည် စျေးနှုန်း ဘောင်တစ်ခုအတွင်း၌သာ အတက်အကျရှိနေမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ဂူဂျရတ် ပြည်နယ် Ahmedabad မြို့အခြေစိုက် ပဲခွဲစက်လုပ်ငန်းရှင် Mr. Punit Bachawat ကလည်း တောင်သူများအနေဖြင့် အစိုးရဝယ်ယူရေး အဖွဲ့အစည်းဖြစ်သော အမျိုးသား စိုက်ပျိုးရေးသမဝါယမ စျေးကွက်မြှင့်တင်မှုအသင်းချုပ်လီမိတက် (NAFED) ထံသို့ MSP စျေးနှုန်းဖြင့်ရောင်းချရန် ၎င်းတို့၏ထုတ်ကုန်များကို ထိန်းသိမ်းထားမည့် အခြေအနေရှိပြီး ရှေ့လာမည့်ကာလ၌ ကုလားပဲ စျေးနှုန်းများမှာ မြင့်တက်လာဖွယ်ရှိကြောင်း၊ ဂူဂျရတ်ပြည်နယ်မှထွက်ရှိသော ကုလားပဲတန်ချိန် ၄ သိန်းအထိကို ဝယ်ယူရန် လျာထားရာ အစိုးရ၏ဝယ်ယူရေးလုပ်ငန်းများမှာ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောဆိုပါသည်။

The Hindu Business Line

Rabi harvest in full swing; area under summer pulses rises, 17-3-2022

Chana rules below MSP on higher arrival, 21-3-2022

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## ဟောင်ကောင်ဒေသ၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပုံမှန်တင်သွင်း ရောင်းချနိုင်ရေး အာမခံခဲ့ခြင်း

ဟောင်ကောင်ဒေသ၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများရောင်းချနိုင်ရေး ဒေသအာဏာပိုင်များအနေဖြင့် ကုန်းလမ်း၊ ရေလမ်း၊ ရထားလမ်းအစရှိသည့် လမ်းကြောင်းအားလုံးကိုအသုံးပြု၍ တရုတ်ပြည်မကြီးမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအား ပုံမှန်တင်သွင်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့ထုတ် The Standard သတင်းစာ၌ "Food, goods supply guaranteed" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ပို့ဆောင်ရေးနှင့် အိုးအိမ်ဝန်ကြီး Mr. Frank Chan Fan က ပြောကြားခဲ့ရာတွင် ရှန်းကျန့်ဒေသမှ ဟောင်ကောင်ဒေသသို့ ၂-၃-၂၀၂၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့) မှ စတင်၍ တရက်လျှင် ရထားတစ်စင်း ပြေးဆွဲလျက်ရှိပြီး နောင်တွင် နယ်စပ် ဖြတ်ကျော်  ရထား(၄)စင်းနှင့်အထက်ပင်လယ်ရေကြောင်းမှ သင်္ဘောလမ်းကြောင်း(၃)ခု ဖြင့် ကွန်တိန်နာ

(၃,၀၀၀) ကိုလည်းကောင်း နေ့စဉ်ဟောင်ကောင်ဒေသသို့ တင်သွင်းမည်ဖြစ်ကြောင်း၊ ပုံမှန်တင်သွင်းမှု၏ ၉၀ ရာခိုင်နှုန်းရှိသော အေးခဲဝက်သား (၁၀၀) တန်နှင့် ပုံမှန်တင်သွင်းမှု၏ (၁၀)ရာခိုင်နှုန်းရှိသော ဟင်းသီးဟင်းရွက်(၂,၅၀၀)တန်တို့ကို တရုတ်ပြည်မကြီးမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ တင်သွင်းလျက်ရှိရာ မကြာမီကာလအတွင်း ကုန်ဈေးနှုန်းမှာပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသရှိ နယ်စပ်ဖြတ်ကျော် ကုန်တင်ကားမောင်းနှင်သူ (၈,၀၀၀) ဦးအနက် လေးပုံတစ်ပုံ တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရလျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ရှန်းကျန့်ဒေသ အာဏာပိုင်များနှင့် ဆွေးနွေးခဲ့ရာ၌ Man Kam To control point အား လတ်ဆတ်သော စားသောက်ကုန်များ ပို့ဆောင်ရန်သတ်မှတ်ထားပြီး Lin Tong/ Hueng Yuen Wai port အား အရန်ထားရှိမည်ဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးမှ ယာဉ်မောင်းများနှင့် ဟောင်ကောင်ဒေသမှ ယာဉ်မောင်းများ ထိတွေ့ခြင်း မရှိဘဲ ကုန်ခြောက်ပစ္စည်းများ လွှဲပြောင်းပေးနိုင်ရန် ဟောင်ကောင်ဒေသ ပို့ဆောင်ရေးနှင့် အိုးအိမ်ဗျူရိုသည် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ Kwai Chung Container terminals နှင့် Tuen Mun River Trade Terminal တို့ကို ယာယီအသုံးပြုလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါစစ်ဆေးရန် Lockdown ချခဲ့လျှင်ပင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပုံမှန်ဖြည့်ဆည်းပေးနိုင်ရန် ဒေသအာဏာပိုင်များအနေဖြင့် အာမခံကြောင်း၊ ဟောင်ကောင်ရှိ သားသတ်ရုံ၌ လုပ်သား(၈၀၀) ဦးခန့်ရှိရာ (၁၇၀) ဦးမှာ ကိုဗစ်-၁၉ ကူးစက်ခံထားရလျက်ရှိသောကြောင့် သားသတ်ရုံများအား ၂၈-၂-၂၀၂၂ ရက်နေ့မှ စတင်၍ ယာယီပိတ်ထားခဲ့ရပြီး လတ်ဆတ်သော အသားများထုတ်လုပ်မှုယာယီရပ်တန့်ခဲ့ကြောင်း၊ သို့ဖြစ်ရာ ကိုဗစ်-၁၉ ကူးစက်မှု ခံရခြင်းမရှိသော သားသတ်သမား (၂၀)ရာခိုင်နှုန်းခန့်သာ သားသတ်ရုံ၌ ဆက်လက်လုပ်ကိုင်နိုင်သောကြောင့် တရုတ်ပြည်မကြီးမှ သားသတ်သမား (၃၈) ဦးကို ဟောင်ကောင်သို့ ခေါ်ဆောင်ခဲ့ရကြောင်း၊ ယခင်ကSheung Shui သားသတ်ရုံ၌ နေ့စဉ် ဝက်ကောင်ရေ (၃,၀၀၀) မှ အသားထုတ်လုပ်နိုင်ပြီး Tsuen Wan ၌ ဝက်ကောင်ရေ (၄၀၀) မှ (၅၀၀) အကြားမှ အသားထုတ်လုပ်နိုင်ခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ထုတ်လုပ်မှုယာယီရပ်ဆိုင်းခဲ့ရရာ လက်လီဈေးကွက်သို့ ဝက်သားရောင်းချပေးမှု (၉၀) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ဝိုင်နှင့်အဖျော်ယမကာဖြန့်ဖြူးရောင်းချသူအသင်းမှ ဥက္ကဋ္ဌမှပြောကြားရာတွင် စည်သွပ်အသားဘူးများမှာ (၃) လစာအတွက် လုံလောက်စွာရှိသောကြောင့် စားသုံးသူများအနေဖြင့် အထိတ်တလန့် ဝယ်ယူရန်မလိုအပ်ကြောင်း၊ ဟောင်ကောင် ဒေသသို့တင်သွင်းသည့် စည်သွပ်ဘူး (၈၀) ရာခိုင်နှုန်းကျော်မှာ Sichuan ၊ Henan နှင့် Anhui ပြည်နယ်တို့မှဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသို့ ကုန်ပစ္စည်းများ ဆက်လက်ရောက်ရှိနေမည်ဖြစ်ကြောင်း၊ အရောင်းဆိုင်များ၌ ပြတ်လပ်ခြင်းမှာ ထောက်ပံ့ ပို့ဆောင်ရေး လုပ်ငန်းရှိ အလုပ်သမားများမှာ ကိုဗစ်-၁၉ ကူးစက်ခံရလျက်ရှိသောကြောင့် ပို့ဆောင်ရေးစွမ်းရည်မှာ ကုန်ပစ္စည်းများအား လုံလောက်စွာ ဖြည့်ဆည်းမပေးနိုင်ခြင်းဖြစ်ကြောင်း၊ နံ့စားသီးနှံများ၊ ဆန်နှင့်စားသုံးဆီမှာ လုံလောက်စွာရှိမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသရှိ စားသုံးသူများအနေနှင့် ကုန်ပစ္စည်းများအထိတ်တလန့်ဝယ်ယူမှုများကြောင့် ဆိုင်၌ကုန်ပစ္စည်းပြတ်လပ်ခဲ့ခြင်းမှာ ကုန်ပစ္စည်းများလက်ကျန်ပြတ်လပ်ခြင်းကြောင့်မဟုတ်ဘဲ အလုပ်သမားများ ကိုဗစ်-၁၉ ကူးစက်ခံရသောကြောင့် လုပ်ငန်းခွင်သို့ ပုံမှန်ဝင်ရောက်နိုင်ခြင်းမရှိသောကြောင့်ဖြစ်ကြောင်း စသည်ဖြင့်ရေးသားဖော်ပြထားပါသည်။

**Source: အေးသီရိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## STOCK EXCHANGE (22.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 20 | 160,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +100 | +3.57% | 2,850 | 2,900 | 2,850 | 358 | 1,020,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 0 | 0 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 445 | 1,179,250 | 19,977,223 | 52,940 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 5 | 25,500 | 10,497,598 | 53,538 |

## Market summary

As of 22nd Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.05 | +1.66 | +0.45% | 370.51 | 371.05 | 369.93 | 828 | 2,385,550 | 7 | 645,492 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 22nd Mar. 2022

| MYANPIX | 371.05 ▲ 1.66 |
|---|---|
| Total Volume (shares) | 828 |
| Total Value (MMK) | 2 mil |
| Listed Company | 7 |
| Market Cap. (MMK) | 645,492 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 100 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▼ 50 |
| AMATA | 00007 | 5,100 | ▲ 0 |